၁။ ဟောင်ကောင်မြို့၊ မြန်မာကောင်စစ်ဝန်ချုပ် ဒေါ်မြတ်သူဇာသန်းသည် မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံထားရှိကြသော ဟောင်ကောင် လုပ်ငန်းရှင်များ ဖွဲ့စည်းထားသည့် ဟောင်ကောင်-မြန်မာ ကုန်ထုတ်လုပ်ငန်းရှင်များ အသင်းလီမိတက် (Hong Kong Myanmar Manufacturer's Association Limited) မှ ဥက္ကဋ္ဌ Ms. Gina Fu ဦးဆောင်၍ ဒုတိယ ဥက္ကဋ္ဌ များဖြစ်ကြသည့် Mr. Gary Lee ၊ Mr. Harrison Law နှင့် Mr. Risky Soe တို့သည် ဟောင်ကောင်- မကာအို-မြန်မာကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (Hong Kong Macau and Myanmar Chamber of Commerce and Industry) ဥက္ကဋ္ဌ Dr. Lin Khin Wan နှင့်အတူ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ၎င်းတို့၏ လုပ်ငန်းပိုင်းလည်ပတ်မှုဆိုင်ရာအချက်အလက်များအား ဖလှယ်ရန်အတွက် ၁၂-၉-၂၀၁၈ ရက်နေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံခဲ့ပါသည်။ အဆိုပါတွေ့ဆုံမှုသို့ ကောင်စစ်ဝန်ချုပ်နှင့် အတူစီးပွားရေးသံမှူး ဒေါ်ဖြူဖြူလိုင်နှင့် ပထမအတွင်းဝန်၊ ဒေါ်တင်မြဝင်းတို့လည်း တက်ရောက်ခဲ့ပါသည်။

၂။ ထိုသို့ တွေ့ဆုံရာတွင် ကောင်စစ်ဝန်ချုပ်မှ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ချဉ်းကပ်ပုံအသစ်၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်း ပြုပြင်

ပြောင်းလဲမှုဆိုင်ရာများနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးစားပေးဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုနေရာဒေသများဖြစ်သည့် ကရင်ပြည်နယ်နှင့် ရခိုင်ဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရေးနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

၃။ ဟောင်ကောင်-မြန်မာ ကုန်ထုတ်လုပ်ငန်းရှင်များအသင်းလီမိတက် (Hong Kong Myanmar Manufacturer's Association Limited) မှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ချဉ်းကပ်မှု ပုံစံသစ်အား ကြိုဆိုကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ပြောကြားရာတွင် ၎င်းတို့အဖွဲ့ဝင် အများစုမှာ မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး၊ လုပ်ငန်းလည်ပတ်မှုမှာလည်း ယေဘုယျအားဖြင့်အဆင်ပြေချောမွေ့ပါကြောင်း၊ သို့ရာတွင် ယခုကာလ အပိုင်းအခြားအတွင်း မြန်မာနိုင်ငံ၌အလုပ်သမားများ မကြာခဏ ဆန္ဒပြမှုများဖြစ်ပွားလျက်ရှိသည့်အတွက် ၎င်းတို့အနေဖြင့်ယင်းအနေအထားကို များစွာစိုးရိမ်ပါကြောင်း၊ ဆူပူမှုဖြစ်ပွားပြီး ထုတ်လုပ်မှု ရပ်ဆိုင်းသွားမည်ဆိုပါက ၎င်းတို့လက်ခံထားသည့် ကုန်ပစ္စည်း အမှာစာများကို အချိန်မီပေးပို့နိုင်ခြင်းမရှိပါကပေးလျော်ရသည့်အတွက် များစွာဆုံးရှုံးနစ်နာရပါကြောင်း၊ ပုံမှန်အားဖြင့် အလုပ်သမားများနှင့်အလုပ်ရှင်တို့အကြား ဆက်ဆံရေးမှာပြေလည်ပါကြောင်း၊ မြန်မာအလုပ်သမားများမှာလေးစားစွာဆက်ဆံတတ်ပြီး ပွင့်လင်းဖော်ရွေကြသဖြင့် များစွာသဘောကျပါကြောင်း၊ သို့ရာတွင် NGO အဖွဲ့အစည်းနှင့် အလုပ်သမားသမဂ္ဂများမှ သွေးထိုးမြှောက်ပင့်မှုများကြောင့်ဆန္ဒပြကြသည်ဟုကြားသိရပါကြောင်း၊ သို့ဖြစ်ရာ မြန်မာနိုင်ငံအစိုးရအနေဖြင့် အလုပ်သမားသမဂ္ဂများကို ကောင်းမွန်စွာထိန်းကျောင်းရန် လိုအပ်သည်ဟုယူဆမိပါကြောင်း၊ ယခုအခါကုန်သွယ်ရေး စစ်ပွဲကြောင့် တရုတ်နိုင်ငံမှ ကုန်ထုတ်လုပ်ငန်းအများစုမှာ အာဆီယံနိုင်ငံများသို့ပြောင်းရွှေ့ရန် ပြင်ဆင်လာကြသည့်အတွက် ၎င်းတို့အသင်းအနေဖြင့် ဟောင်ကောင်မှ အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများအား မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ထောက်ခံအားပေးဆွဲဆောင်သွားပေးမည်ဖြစ်ပါကြောင်း၊ ထိုသို့ စည်းရုံးဆွဲဆောင်ရာတွင် အခက်အခဲတစ်ခုမှာ ရခိုင်ပြည်နယ်အခြေအနေသတင်းများအပေါ် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုးရိမ်လျက်ရှိနေကြပါကြောင်း၊ ယနေ့ရှင်းလင်းပြောကြားချက်အရလည်းကောင်း၊ မိမိတို့ကိုယ်တိုင်

မြင်တွေ့မှု အရလည်းကောင်း ရခိုင်ပြည်နယ်အခြေအနေမှာ နှစ်နိုင်ငံနယ်စပ်ဒေသ၌သာ ဖြစ်ပွားလျက်ရှိပြီး မြန်မာတစ်နိုင်ငံလုံးနှင့် ရခိုင်ပြည်နယ်တို့အတွင်း တည်ငြိမ်အေးချမ်းမှုကို သိရှိရပါကြောင်း၊ ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် သတင်းအချက်အလက်များကို နိုင်ငံတစ်ခုလုံးအတိုင်းအတာဖြင့် အေးချမ်းတည်ငြိမ်မှုရှိကြောင်းကို ကမ္ဘာကသိရှိစေရန် ကျယ်ပြန့်စွာဆောင်ရွက်သင့်ကြောင်း၊ ၎င်းအပြင် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရ၊ ဘဏ္ဍာရေးအတွင်းဝန်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်ဆိုင်ရာမိန့်ခွန်းတွင် Dedicated Fund on Branding Upgrading and Domestic Sales (BUD) ဟုခေါ်သည့် BUD Fund ရန်ပုံငွေသို့ ဟောင်ကောင်ဒေါ်လာ ၁.၅ဘီလီယံ ခွင့်ပြုချမှတ်ပေးမည်ကြေညာခဲ့ပါကြောင်း၊ ဟောင်ကောင်အစိုးရအနေဖြင့် ဟောင်ကောင်လုပ်ငန်းများအား အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် ဘဏ္ဍာငွေအထောက်အပံ့ပေးနိုင်ရန် ရည်ရွယ်ချထားပေးသော ရန်ပုံငွေဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ၁-၁-၂၀၁၉ ရက်နေ့တွင် စတင်သက်ဝင်မည့် အာဆီယံ-ဟောင်ကောင် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် အကောင်အထည် ဖော်နိုင်ရန်၊ အာဆီယံဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထောက်ပံ့ပေးရန်ရည်ရွယ်သည့် ရန်ပုံငွေလည်းဖြစ်ပါကြောင်း၊ ဟောင်ကောင်လုပ်ငန်း တစ်ခုချင်းစီအတွက် Enterprise Support Programme (ESP) အစီအစဉ်သစ်ဖြင့် ထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အစီအစဉ်သစ်တွင် အာဆီယံဈေးကွက်အတွင်း ကုန်အမှတ် တံဆိပ်ထိုးဖောက်နိုင်မှု အဆင့်မြှင့်တင်မှုနှင့် အရောင်းအားဖွံ့ဖြိုးတိုးတက်ရန်အတွက် အဆိုပြု စီမံကိန်းများကို အကောင်အထည်ဖော်နိုင်သည့် လုပ်ငန်းများနှင့် စံချိန်တင်သမိုင်းဝင်သည့် စီးပွားရေးစီမံကိန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အရည်အသွေးပြည့်ဝန်ဆောင်မှု ပေးနိုင်သည့် လုပ်ငန်းများကို ထောက်ပံ့ကူညီသွားမည်ဖြစ်ပြီး အတည်ပြုချက်ရရှိသော စီမံကိန်း (၁၀)ခုအထိ လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း(၁)ခုလျှင် အများဆုံး ကုန်ကျစရိတ် ၏ (၅၀) ရာခိုင်နှုန်း သို့မဟုတ် ဟောင်ကောင်ဒေါ်လာ (၁) သန်းထိ ထောက်ပံ့သွားရန် အစီအစဉ်ရှိသည့်အတွက် ဟောင်ကောင်မှ ရင်းနှီးမြှုပ်နှံသူများ အာဆီယံနိုင်ငံများတွင် ရင်းနှီး မြှုပ်နှံရန် စိတ်အား ထက်သန်လျက်ရှိကြောင်းစသည်ဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။

၃။ ကောင်စစ်ဝန်ချုပ်မှ ယခုကဲ့သို့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမှုအားကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေနိုင်ရန် အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဟောင်ကောင်မှ စီးပွားရေးလုပ်ငန်းရှင်များသိရှိရန်မှာ များစွာလိုအပ် ပါကြောင်း၊ ယခုအခါတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်မှာ ရင်းနှီးမြှုပ်နှံမှုအတွက် များစွာဖြေလျှော့ထားပြီး၊ ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိသော စီပွားရေးပတ်ဝန်းကျင်နှင့် လုပ်ထုံးလုပ်နည်းများ အဆင်ပြေလွယ်ကူမှုရှိစေရန် ပြုပြင်ပြဌာန်းထားပါကြောင်း၊ မြန်မာ နိုင်ငံကုမ္ပဏီများ ဥပဒေသစ်မှာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် များစွာ အခွင့်သာ သည့် အခြေအနေများဖန်တီးထားပါကြောင်းစသည်ဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။